# ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 February 2023 ၁၁၀၀၅


### ဆွေမျိုးတို့နှင့် နေရသက်သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသက်သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုဓ၀ဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စက္ကူစက်ရုံများ ပြန်လည် လည်ပတ်နိုင်ရေးဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြစေလို

## စက္ကူလိုအပ်ချက်များအတွက် ပြည်ပမှတင်သွင်းနေရသည့် နိုင်ငံခြားငွေအသုံးပြုမှုကို လျှော့ချနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စာမျက်နှာ ၃ ကော်လံ ၁ သို့ *

> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

ယနေ့ ဖတ်စရာ

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး**

စာမျက်နှာ » ၉

**၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ**

စာမျက်နှာ » ၁၃

**ပြည်ထောင်စုစိတ်ဓာတ် အရင်းတည် ပင်လုံမှသည် နိုင်ငံတစ်ဝန်းဆီသို့**

ဆောင်းပါး စာမျက်နှာ » ၁၈၊ ၁၉

# ဂုဏ်ယူဖွယ်ရာကလွှာသစ်တစ်ခု မြန်မာနိုင်ငံတွင် ပထမဆုံးစိုက်ထူ

ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် ထူးခြားသည့် မှတ်တိုင်တစ်ခုကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ပထမဦးဆုံးသော နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ရန်ကုန်မြို့ လှိုင်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဖွံ့ဖြိုးတိုးတက်နေသည့် ကမ္ဘာ့နိုင်ငံများနှင့်အတူ တန်းတူရပ်တည်နိုင်မည့် နျူကလီးယားနည်းပညာအစီအစဉ်များ မြန်မာနိုင်ငံတွင် ပေါ်ထွက်လာတော့မည့် သတင်းစကားများကို မကြာသေးမီကာလများက ကြားသိခဲ့ရပေသည်။ မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာများပြန့်ပွားရေးအတွက် အဓိကကျသည့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ဖွင့်လှစ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်မှုသည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသမိုင်းကြောင်းမှ အကြောင်းခံပေသည်။ မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းတို့အကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် နျူကလီးယားစွမ်းအင် အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့မှုမှ အစပြုခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နှစ်နိုင်ငံအကြား နျူကလီးယားစွမ်းအင်အသုံးချရေးနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးဆိုင်ရာလေ့ကျင့်ရေး၊ ကျွမ်းကျင်မှုအရည်အသွေး ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များရရှိလာစေရေးအတွက် နားလည်မှုစာချွန်လွှာနှစ်စောင်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဗလာဒီဗော့စတောဗ်မြို့၌ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် ပြုလုပ်ခဲ့သည့်ကာလအတွင်း ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်တွင် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းစွာအသုံးပြုမှု ပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံကို လက်မှတ်ရေးထိုးခဲ့သည်။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစွာပြုလုပ်ပြီးနောက် ယခုကဲ့သို့မြန်မာနိုင်ငံတွင် ပထမဦးဆုံး နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ နျူကလီးယားကို တိုင်းပြည်အတွက် ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားနှင့်ပတ်သက်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာဗဟုသုတများ များစွာလိုအပ်ပါသည်။ နျူကလီးယားဖြင့် လူမှုစီးပွားဘဝကို များစွာအကျိုးပြုမည်ဖြစ်၍ အထူးသဖြင့် ပြည်သူလူထုကြားတွင် နျူကလီးယားနှင့်ပတ်သက်သော အသိပညာဗဟုသုတများ ကျယ်ပြန့်စွာဖြစ်ထွန်းရန်လိုအပ်ပါသည်။ အဆိုပါစင်တာဖွင့်လှစ်ပြီးသောအခါ ပြည်သူလူထုက နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး နားလည်သဘောပေါက်လာစေရန်အတွက် နျူကလီးယားနည်းပညာဆိုင်ရာ အသိပညာ ပြန့်ပွားရေးကို အစီအစဉ်အတိုင်း စတင်ဆောင်ရွက်တော့မည်ဖြစ်သည်။

စင်တာတွင် ကျောင်းသားလူငယ်များသာမက တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါ နျူကလီးယားစွမ်းအင်ဆိုင်ရာဗဟုသုတများကို ရရှိမည်ဖြစ်ပြီး လူစွမ်းအားအရင်းအမြစ် မြှင့်တင်ရေးကဏ္ဍများအတွက် များစွာအထောက်အကူဖြစ်စေသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ မိဘပြည်သူများ အနေဖြင့်လည်း ခေတ်မီတိုးတက်နေသည့် နျူကလီးယားနည်းပညာများကိုလေ့လာရန် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် သဘောထားအမြင် များစွာရရှိလာမည်ဖြစ်သည်။ ထိုသို့ရရှိပြီးသောအခါ နျူကလီးယားစွမ်းအင်နယ်ပယ်ကို ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်စွာဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံ အဖြစ် တက်လှမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ ပေါ်ထွက်လာခြင်းသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်တည်လာရေးအတွက် ကနဦးရှေ့ပြေးလက္ခဏာဖြစ်သည်။ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး ပညာရေး၊ ကျန်းမာရေး၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံတွင် ထိရောက်စွာ အသုံးချနိုင်မည့် အသိပညာဗဟုသုတများကို မျိုးဆက်သစ်လူငယ်လူရွယ်များကြားတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ခွင့်ရကြပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်ကြမည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၆၃၀ | ၅,၃၅၅,၃၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၅၀ | ၉၄၀ | ၃,၀၆၅,၅၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၁၀၃ | ၇၇၂,၅၀၀ |
| FPB | ၂,၂၀၀ | ၂,၂၀၀ | ၂,၄၃၂ | ၅,၃၆၀,၄၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၁၅ | ၃၈,၂၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀ | ၅၄,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၈၇ | ၉၁၆,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | | မြန်မာငွေကျပ် |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၂၂၄၉.၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၃၀၉.၃၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၆၂.၅၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၄၈၈.၀၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၈၅ |
| (ဆ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၅၆.၁ |
| (ဇ) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၃.၈ |
| (ဈ) | ဂျပန် | တစ်ရာယန်း | = | ၁၅၉၂.၇ |
| (ည) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၆.၅၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)အတွင်း လှည့်လည်ကြည့်ရှုစဉ်။

*** ရှေ့ဖုံးမှ**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းညွှန်ကြားရေးမှူးတို့က အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့၏ နောက်ခံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ စတင်လည်ပတ်ချိန်မှ ရပ်နားခဲ့ရသည်အထိ စက္ကူပျော့ဖတ်၊ စက္ကူနှင့် သတင်းစာစက္ကူ ထုတ်လုပ်နိုင်ခဲ့မှု၊ သွင်းအားစုနှင့် ထုတ်ကုန်အမျိုးအစားများ၊ ကုန်ထုတ်လုပ်မှု ဆောင်ရွက်ခဲ့မှုများ၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ စက်မှုကုန်ကြမ်း သစ်စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းလစာပေးချေနေရမှုနှင့် ပင်စင်လစာပေးချေထားရှိမှု၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက မအူပင်ဓာတ်ငွေ့တွင်းမှ ဓာတ်ငွေ့ထွက်ရှိနေမှု၊ မအူပင်ရေနံမြေနှင့် ညောင်တုန်းရေနံမြေတို့မှ သဘာဝဓာတ်ငွေ့ထွက်ရှိမှုနှင့် သက်ဆိုင်ရာ စက်ရုံများသို့ ဖြန့်ခွဲပေးပို့လျက်ရှိမှု၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့အား လည်ပတ်နိုင်ရေးအတွက် ဓာတ်ငွေ့လိုအပ်ချက်နှင့် ဓာတ်ငွေ့ပိုက်လိုင်းများကို စစ်ဆေးပြုပြင် ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)နှင့် သတင်းစာ စက္ကူစက်ရုံ(သာပေါင်း)တို့အတွက် သဘာဝတောများမှ ဝါးကုန်ကြမ်းများရရှိနိုင်မှု၊ နိုင်ငံတစ်ဝန်း ပေါက်ရောက်လျက်ရှိသည့် ဝါးအမျိုးအစားများနှင့် စက္ကူထုတ်လုပ်နိုင်မှု၊ သာပေါင်းစက္ကူ စက်ရုံတည်ရှိရာ ဒေသ၌ နှစ်စဉ် ဝါးရရှိနိုင်မှု၊ ဝါး အမျိုးအစားများအလိုက် စိုက်ခင်းတည်ထောင်မည်ဆိုပါက တစ်ဧကထွက်ရှိနိုင်မှု၊ စက္ကူပျော့ဖတ်များ ထုတ်လုပ်နိုင်ရန်အတွက် ကြီးမြန်သစ်မျိုးများ စိုက်ပျိုး ထုတ်လုပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောက အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့အား စက်ကိရိယာများ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်းများ ပြုလုပ်နိုင်ရေး စက်ရုံနှင့် စိုက်ခင်းများသို့ ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့မှု၊ စွမ်းအင်ရရှိနိုင်မှုနည်းလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက္ကူသည် တိုင်းပြည်အတွက် လိုအပ်ချက်များစွာရှိနေပြီး နေ့စဉ်အသုံးပြုနေရသည့် ရုံးသုံး၊ ကျောင်းသုံး၊ သတင်းစာ စသည့် စက္ကူလိုအပ်ချက်များစွာကို ပြည်ပမှတင်သွင်းအသုံးပြုနေရကြောင်း၊ စက္ကူစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းအနေဖြင့် ဝါး၊ သစ်တို့ လိုအပ်မည်ဖြစ်ပြီး စက်လည်ပတ်နိုင်ရေးအတွက် စွမ်းအင်လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပြန်လည် ပြုပြင်ပြီးချိန်တွင် ထပ်မံ တိုးချဲ့နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် သစ်တောစိုက်ခင်း၊ ဝါးစိုက်ခင်းများကိုလည်း စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း ပျော့ဖတ်များကို ထုတ်လုပ်၍ ရနိုင်မည်ဖြစ်ပြီး စက္ကူစက်ရုံသို့ ဆက်လက်ပို့ဆောင်နိုင်ကြောင်း၊ စက္ကူစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ စက္ကူလိုအပ်ချက်များအတွက် ပြည်ပမှ တင်သွင်းနေရသည့် နိုင်ငံခြားငွေ အသုံးပြုမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်း၍ အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ထုတ်လုပ်ထားရှိသည့် စက္ကူအမျိုးအစားများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ ပျော့ဖတ်ထုတ်လုပ်ရေး စက်ရုံ ခွဲ(Pulping Plant)၊ တန် ၅၀ စက္ကူစက်ရုံ၊ တန် ၆၀ သတင်းစာ စက္ကူစက်ရုံတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ (သာပေါင်း)တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက္ကူ စက်ရုံ(သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# MSME လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ ရနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပုသိမ်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်စက်မှုစီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိကထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်၊ လက်မှုထုတ်ကုန်များနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်းကို အခြေခံသည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်သည့် Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌ ဦးငွေးမြင့်၊ Delta Queen International Co.,Ltd အုပ်ချုပ်မှု ဒါရိုက်တာ ဦးရွှေကြိုင်၊ Ayeyarwaddy Development Public Co.,Ltd ဒုတိယဥက္ကဋ္ဌ ဦးစည်သူဝိုး၊ ရွှေဝါနဒီစိုက်ပျိုးထုတ်လုပ်မှုကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးလူမော်မြင့်မောင်၊ ဧရာဝတီတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းကျော်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်သူရ၊ ဆီလုပ်ငန်းရှင် ဒေါ်မီမီကျော်နှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေကို ပိုင်ဆိုင်ထားရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူရေးနှင့် တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိမှု၊ ပုသိမ်စက်မှုဇုန်စီမံကိန်း ဆောင်ရွက်လျက်ရှိမှု၊ ဆန်စက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပါးအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်မှု၊ ပြည်တွင်းပြည်ပ စျေးကွက်သို့ ဆန်တင်ပို့ရောင်းချလျက်ရှိမှု၊ ဆန်စက်များ၊ အခြောက်ခံစက်များကို စပါးထွက်ရှိရာ ဒေသများနှင့် အနီးဆုံးသောနေရာများတွင် တည်ဆောက်ထားရှိမည်ဆိုပါက ကုန်ကျစရိတ်များ ပိုမိုသက်သာစေနိုင်မှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် နွေစပါးနှင့် ပဲတစိမ်းများ အထွက်တိုးလျက်ရှိသည့်အတွက် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာမှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံငွေများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းသို့ လာရောက်သည့် ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသည့်အတွက် လမ်းပန်းဆက်သွယ်မှုကို အဆင့်မြှင့်တင်ပေးစေလိုမှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းရှင်များအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ပီလောပီနံ စိုက်ပျိုးတင်ပို့ရောင်းချမှု လုပ်ငန်းများ မြန်မာနိုင်ငံတွင် တွင်ကျယ်စွာဖြစ်ထွန်းလာစေရေးနှင့် မဲခေါင်ဒေသအတွင်း အဓိကထုတ်ကုန် (Strategic Corps) ဖြစ်သည့်အတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ပြည်တွင်းဈေးကွက်ရှိသည့် ဆီစက်လုပ်ငန်းများကို ခေတ်မီနည်းစနစ်သုံးစက်ရုံများအဖြစ် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

> ❖ **ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ ငါး လိုအပ်ချက် များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် ငါးမျိုးများ မွေးမြူနိုင်ရန်လို**

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လျှင်မြန်ချောမွေ့စေရေးအတွက် ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လျှာထားလုပ်ငန်းများအလိုက် ဆောင်ရွက်လျက်ရှိမှု၊ ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ပေးစေလိုမှုကို မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု များစွာရှိပြီး အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိမှု၊ နိုင်ငံတော်အနေဖြင့် အကျိုးအမြတ်ကို အဓိကမထားဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးထားမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေ တိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိနယ်မြေခံ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး၊ ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည့် စာရွက်စာတမ်းလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် နှောင့်နှေးမှုမရှိ ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်

စာမျက်နှာ ၅ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာစဉ်။

**☆ စာမျက်နှာ ၄ မှ**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင် နေထိုင်ကြကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကျေးလက်တွင် နေထိုင်သူ ၈၅ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် နေထိုင်သူ ၁၅ ရာခိုင်နှုန်းရှိကြောင်း၊ အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ စပါးစိုက်ပျိုးခြင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို ကုန်ချောဖြစ်စေရန်အတွက် ကြိတ်ခွဲခြင်းများကို ဆောင်ရွက်ခြင်းသည် MSME လုပ်ငန်းပင်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ထွက်ကုန်ပစ္စည်းများမှ တိရစ္ဆာန်အစာများကိုလည်းရရှိသဖြင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အရင်းအမြစ်များကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံအတွက် အသား၊ ငါး လိုအပ်ချက်များစွာရှိပြီး လူအများစားသုံးနိုင်သော သင့်တော်သည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်သည့် ငါးမျိုးများ မွေးမြူနိုင်ရန်လိုကြောင်း၊ အလားတူ ဆန်စပါးစိုက်ပျိုးမှုတွင်လည်း တစ်ဧကချင်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုသကဲ့သို့ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်တကျစိုက်ပျိုးရန် စသည့်အချက်များ လိုအပ်ကြောင်း၊ ဒေသတွင်းကုန်ကြမ်းများ ပိုမိုရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်လိုပြီး ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထားထုတ်လုပ်သည့်ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သည့် ကုန်ကြမ်းပစ္စည်းကို ရရှိနိုင်မည်ဖြစ်သဖြင့် ခိုင်မာသည့် ကုန်ထုတ်လုပ်မှုကိုလည်း ဖြစ်စေနိုင်မည်ဖြစ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ဒေသတွင်း လည်ပတ်သုံးစွဲငွေများလည်း ပိုမိုများပြားလာမည်ဖြစ်ပြီး ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တက်လာမှုနှင့်အတူ နိုင်ငံ့စီးပွားရေးသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချ၍ ရနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေး အားကောင်းလာမည်ဖြစ်ကြောင်း။

**စုပေါင်းသမဝါယမစနစ်**

မိမိတို့နိုင်ငံတွင် ယခင်ကသမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အဆိုပါ သမဝါယမအသင်းများမှ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး၍ စိုက်ပျိုးကြမည်ဆိုပါက အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်ရှိ မြေသယံဇာတ၊ ရေသယံဇာတများကို အကျိုးရှိစွာအသုံးချရန်လိုပြီး စိုက်ပျိုးမြေများကို အကျိုးရှိရှိသုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို အထွက်နှုန်းတိုးအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဧရာဝတီတိုင်းဒေသကြီးအတွင်း စီးပွားရေးသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များအလိုက် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ဒေသသာယာလှပရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးတို့အတွက် တစ်နိုင်ငံလုံးရှိ လမ်း၊ တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးနှင့် ဒေသခံတို့၏ လူမှုစီးပွားမြင့်တက်စေရေးအတွက် ပုသိမ်လေယာဉ်ကွင်းကို အဆင့်မြှင့်တင်နိုင်ရန် လုပ်ငန်းဆန်းစစ်၍ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသအလိုက် သာယာလှပရေးအတွက်ကိုလည်း ဒေသခံများနှင့် တာဝန်ရှိသူများက ဆောင်ရွက်ကြရန်လိုကြောင်း၊ ပုသိမ်ဆိပ်ကမ်းတွင် ယခင်က ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် မြစ်ကြောင်းတိမ်ကောလာခြင်းများကြောင့် နောက်ပိုင်းတွင် ဝင်ရောက်နိုင်ခြင်းမရှိကြောင်း၊ ငပုတောတွင် ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်နိုင်အောင် ဆိပ်ကမ်းတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်သဖြင့် ဒေသသို့ လာရောက်လိုစိတ်များ ဖြစ်ပေါ်လာစေရေး ဒေသသာယာလှပမှုများနှင့် ဒေသထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ဆောင်ရွက်ရန်လိုသကဲ့သို့ လူအများသိရှိစေရေး ကြေညာပေးရန်လည်းလိုကြောင်း၊ ကုန်စည်ပြပွဲများ ကျင်းပပြီး ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လူအများသိရှိ စိတ်ဝင်စားအောင် ပြသရောင်းချရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို ဆောင်ရွက်၍ရကြောင်း၊ လေအားကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနလုပ်ငန်းများကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေး အားလုံးဆောင်ရွက်ကြရန်လိုပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရမည်**

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းမရှိခဲ့ခြင်းကြောင့် ပြည်ပမှသွင်းကုန်များကို များစွာတင်သွင်းခဲ့ရပြီး ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်လျက်ရှိပြီး ရပ်တန့်ထားသည့် စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် ပြည်တွင်းလိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရသူ(Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေ၊ ထွက်ငွေများ မျှတမှုရှိလာပါက နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ကုန်စျေးနှုန်းများသည်လည်း ကျဆင်းလာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးကို အခြားနိုင်ငံများမှ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်၍မရကြောင်း။

**နိုင်ငံ့စီးပွားရေးကို နိုင်ငံသူ နိုင်ငံသားအားလုံး ကမ္ဘာကြည့် ကြည့်မြင်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများကို အသက်သာဆုံးအတိုးနှုန်းဖြင့် ထုတ်ချေးပေးမည်ဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချကြစေလိုကြောင်း၊ MSME လုပ်ငန်းအတွက် နည်းပညာရရှိရန် လေ့လာဆောင်ရွက်ရန်လိုသကဲ့သို့ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး အတန်းပညာများ မြင့်မားမှုရှိစေရန် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းများရှိပြီးဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေး ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ One Region One Product ကို ဆောင်ရွက်ရာတွင်လည်း ပြည်တွင်းဈေးကွက်ကို သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ကြရန်လိုပြီး ကမ္ဘာကြည့် ကြည့်မြင်ကြရမည်ဖြစ်ကာ အတူတကွ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဒ္ဓောမဟာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဒ္ဓောမဟာ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေမုဒ္ဓောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆို နှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်ထိန်းသိမ်းဆောင်ရွက်ရန်၊ ရွှေမုဒ္ဓောမဟာစေတီတော်မြတ်ကြီးသာမက ပုသိမ်မြို့ရှိ အခြားသော ဘုရား၊ စေတီများကိုလည်း ကြည်ညိုကြသည်။ ပတ်ဝန်းကျင်ရှင်းလင်းရေး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်အောင် ထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေမုဒ္ဓောမဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေမုဒ္ဓောမဟာစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံ

**မန္တလေး ဖေဖော်ဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်အကောင်အထည်ဖော်နေသော မူဝါဒများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း၊ ချမှတ်ထားသည့်မူဝါဒများနှင့် လမ်းညွှန်ချက်များကို ဝန်ကြီးဌာနများအနေဖြင့် လေးစားလိုက်နာကာ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများမှ ခွဲဝေရရှိသောဘတ်ဂျက်ဖြင့် မဆောင်ရွက်နိုင်သေးသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့နေရမှုအခြေအနေများကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏာသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

**သွင်းလှူပူဇော်နိုင်ခဲ့**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများထံသို့ ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့အထိ လှူဒါန်းမှုစုစုပေါင်းမှာ ရွှေထည် ၁၀ ပိဿာ ၂ ကျပ်သား၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၅ ပိဿာ ၅၆ ကျပ်သား၊ ကျောက်မျိုးစုံ ၇၉ ပိဿာ ၂၅ ကျပ်သား၊ ဓာတ်တော်မွေတော်၊ ပုလဲနှင့် ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များနှင့် အလှူငွေကျပ် ၇၆၀၉၀၂၈၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**လှူဒါန်းနိုင်**

ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါကြောင်းနှင့် အဆိုပါ ၈ ရက်နောက်ပိုင်းတွင် ကြိုတင်ပြင်ဆင်ရန်လုပ်ငန်းများ ရှိပါသဖြင့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာပစ္စည်းများကို လက်ခံခြင်း မရှိတော့ဘဲ လှူဒါန်းငွေများကိုသာ လက်ခံသွားမည် ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**

■

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏာသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၀၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (စျ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄ | မော်လမြိုင် |
| (ဉ) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈ဖ၂၁၅ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀ဖ၆၀ | မန္တလေး |
| (နဝ) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀ဖ၃၂ | တောင်ငူ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တောင်ကြီးမြို့၌ ကျင်းပသော (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်

(၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ထူးချွန်ဆုရရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေယာမီးပုံးပျံကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အာခါတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့က "စေးစေး" သီချင်းဖြင့် ဖျော်ဖြေကပြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်းက ဖတ်ကြားသည်။

### အတူလက်တွဲ တည်ဆောက်

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ အားလုံး အမြန်ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြန်လည် ကျင်းပနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရှေးနှစ်ပေါင်းများစွာက တည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူ ပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ စည်းလုံးညီညွတ်မှုကို သက်သေထူခဲ့သော နေ့ထူးနေ့မြတ် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ရှမ်းပြည်နယ်ကြီး တည်ငြိမ်အေးချမ်းစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး ငြိမ်းချမ်းလုံခြုံစွာ ဥမကွဲ သိုက်မပျက်နေထိုင်နိုင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို အတူလက်တွဲ တည်ဆောက်သွားကြရန် ပြောကြားသည်။

ထို့နောက် လီဆူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က လီဆူရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးအကဖြင့် ဖျော်ဖြေကပြပြီး (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းရရှိသူများကို ဆုများချီးမြှင့်ရာ ဘာသာ၊ သာသနာဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရွှေကြိမ်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများနှင့် စိုက်ပျိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်သော်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ မွေးမြူရေးထူးချွန်ဆုရရှိသူများနှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အားကစားထူးချွန်ဆုရရှိသူများကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများကို ချီးမြှင့်ပေးအပ်ကြပြီး ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ဆိုလာ အစုံ ၂၅၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လက်ခံရယူသည်။

### ဖျော်ဖြေတင်ဆက်

ထို့နောက် ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့က ရှမ်းရိုးရာ အကအလှများ၊ "ဝ" တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့က "ဝ" တို့ရိုးရာ "အေးဟာဟာ" သီချင်း၊ "ပအိုဝ်း" တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့က ပအိုဝ်းတိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများဖွင့်ပွဲ ကျင်းပရာ ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်နှင့် Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးတို့ (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား မိုးနဲမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဥယျာဉ်ရပ်ကွက် စုပေါင်းရုံးဝင်းအတွင်းရှိ မြက်ခင်းပြင်တွင် ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ဦးစွာ (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မိုးနဲမြို့နယ် တပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး တိုးဝင်းဖေ၊ မြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းမင်းမင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အလံကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း အလံစောင့်အဖွဲ့က သယ်ဆောင်လာပြီး ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက အလံတိုင်ထက်သို့ လွှင့်တင်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးငိုပွယ်နှင့် ရှမ်းပြည်နယ်နေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှမ်းဘာသာဖြင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းရွှေရင်တို့က ရှင်းလင်းဖတ်ကြားသည်။

(၇۶)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။ ယင်းနောက် ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့ ၂၇ ဖွဲ့က ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တို့သည် ICJ ဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ မူလနေရပ်သို့ ပြန်လည်နေရာချထားရေးနှင့် ယာယီစခန်းများ ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ကွင်းဆင်းစစ်ဆေးရန် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စစ်တွေမြို့ ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းရုံးသို့ သွားရောက်၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုလေ့လာကြရာ စီမံကိန်းတာဝန်ခံ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်နယ်ဦးစီးမှူး ဦးနေဦးက စစ်တွေဆိပ်ကမ်းတွင် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ စစ်တွေမြို့မှ ပလက်ဝမြို့အထိ ရေကြောင်းခရီးဖြင့်လည်းကောင်း၊ ပလက်ဝမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကုန်းလမ်းခရီးဖြင့်လည်းကောင်း၊ ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ပလက်ဝဆိပ်ကမ်း တည်ဆောက်ပြီးစီးမှုအခြေအနေ၊ စီမံကိန်းပြီးစီးပါက နှစ်နိုင်ငံကုန်သွယ်မှု များစွာတိုးတက်ကောင်းမွန်လာမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းပြီး စီမံကိန်းဧရိယာနှင့် ဆိပ်ခံတံတားတို့ကို လေ့လာကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဧည့်ဧေဟာ အစည်းအဝေးခန်းမ၌ ICJ ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး ICJ တွင် ဂမ्ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် စွပ်စွဲထားရှိသည့်အချက်များအား ချေပလွှာ (Counter Memorial) တင်သွင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝိုင်းဝန်းသုံးသပ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပသည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြပွဲနှင့် ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြပြီး ပြပွဲ၌ ခင်းကျင်းပြသလျက်ရှိသည့် ဒေသထွက်ကုန်ပစ္စည်းအရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များကို လုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းဆွေးနွေး၍ ဖွင့်ပွဲ၌ ရခိုင်ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည့် စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီးများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အသက် ငါးနှစ်မှ ၁၂ နှစ်ကြား ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ၁၂ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာ၊ ဖြည့်စွက်အာဟာရနှင့် မုန့်များ ပေးအပ်ကြပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားရှိသည့် စစ်တွေမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းကျောင်းတွင် အခြေခံနှင့် အဆင့်မြင့် စက်ချုပ်အတတ်ပညာဖြင့် လူမှုဘဝရပ်တည်နိုင်ရေးအတွက် တက်ရောက်သင်ကြားလျက်ရှိသည့် တိုင်းရင်းသားနှင့် ဘင်္ဂလီသင်တန်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ICJ ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေးကို ကျင်းပကြပြီး လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို တာဝန်ရှိသူများအား ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၀)တို့၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကေတုမတီခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးက သင်တန်းဖွင့်အမှာစကား ပြောကြားရာ ယခုသင်တန်းကို ဝန်ကြီးဌာန အဖွဲ့အစည်းများရှိ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးနှင့် ဦးဆောင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်လာစေရန်နှင့် အနာဂတ်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

**ကြိုးစားသင်ယူ**

လက်ရှိ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရှင်သန်ဖြစ်ထွန်းရေး၊ တိုင်းပြည်တည်ငြိမ်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ် ပြင်ဆင်ချမှတ်ထားရှိကြောင်း၊ အရာရှိကြီးများအနေဖြင့် ဦးတည်ချက်ပါ မိမိတို့လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော နယ်ပယ်ကဏ္ဍများတွင် အစိုးရ၏မူဝါဒများ၊ ထိရောက်အောင်မြင်စေရေး အလေးအနက်ထားဆောင်ရွက်နိုင်သူများဖြစ်ရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဘာသာရပ်များအပေါ် လေ့လာဆန်းစစ်သုံးသပ်ပြီး ကျယ်ပြန့်သည့် တွေးခေါ်မှုစွမ်းအားများဖြင့် ပညာသစ်၊ အတွေ့အကြုံသစ်များရရှိရန် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များအနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ နည်းဥပဒေအရ တာဝန်အပ်နှင်းထားသော နိုင်ငံ့ဝန်ထမ်းများ၏စိတ်ဓာတ်ခံယူချက်မြင့်မားရေး၊ စည်းကမ်းပြည့်ဝရေး၊ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လေ့ကျင့်သင်ကြားပေးသော အဓိကလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ကြောင်း၊ မိမိတို့သိရှိထားသော ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး ပညာတတ်မြောက်မှုအား လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်ရသော သဘောတရားများနှင့် ချိန်ထိုးသုံးသပ်၍ အသိပညာ၊ အတတ်ပညာပြည့်ဝသော ဝန်ထမ်းများ ဖြစ်စေရန် ကြိုးပမ်းအားထုတ်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့ကိုယ်တိုင် စည်းကမ်းတကျ လိုက်နာနေထိုင်ပြီး သင်တန်းသားများကိုလည်း အရည်အသွေး၊ စိတ်ဓာတ်နှင့် ခံယူချက်များမြင့်မားသော၊ နိုင်ငံတော်အတွက် အားထားရသော ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၇)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ကိုးဦး၊ သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၁၇ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ၁၇ ဦး စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက် မှ မတ် ၃၁ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအတွက် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၇**

ရခိုင်ပြည်နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ် လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ဒေါ်ဆွေဆွေမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်မှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားခံ ဘိုး/ဘွားများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ထောက်ပံ့ရခြင်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ကြီးရွယ်အိုများ၏ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ နည်းပညာနှင့် ငွေကြေးထောက်ပံ့မှုပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၁၄)နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆) အရ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် အမျိုးသားလူမှုရေးပင်စင်ထောက်ပံ့မှု အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် အကျိုးခံစားခွင့်ရှိသူ ၂၃၂၇၀၃ ဦးကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် ယခု တတိယသုံးလပတ်ကာလအတွင်း အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၄၂၉၄ ဦးရှိပြီး ထောက်ပံ့မှုအနေဖြင့် စုစုပေါင်း ငွေကျပ် ၄၂၈၁၀၀၀ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ စုစုပေါင်းလူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းသည် အသက် ၆၀ နှစ်နှင့်အထက်ဖြစ်ကြောင်း၊ ထိုလူဦးရေ အချိုးအစားပြောင်းလဲလာမှုအပေါ် အခြေခံပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ အလားတူ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအတွက် မိသားစုအဆင့်နှင့် ရပ်ရွာအဆင့်ကို ပိုမိုခိုင်မာအားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သက်ကြီးရွယ်အိုများသည် လေးစားထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်ခြင်းကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ကိုယ်စား ယခုကဲ့သို့ လူမှုရေးပင်စင်ထောက်ပံ့ပေးခြင်းသာမက သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံမှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း ရခိုင်ပြည်နယ်ရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုး/ဘွား ၁၄၂၉၄ ဦးအတွက် ထောက်ပံ့ကြေးငွေကျပ် ၄၂၈၁၀၀၀ အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အဘိုး၊ အဘွားများအား လူမှုရေးပင်စင်နှင့် ထောက်ပံ့ပစ္စည်းအဝတ်အထည်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြပြီး အဘိုး၊ အဘွားများကို အာဟာရများ ကျွေးမွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ လူမှုရေးပင်စင်ပေးအပ်ပွဲအခမ်းအနားသို့ စစ်တွေမြို့နယ်မှ သက်ကြီး အဘိုး ၅၅ ဦးနှင့် အဘွား ၆၅ ဦး စုစုပေါင်း အဘိုး/အဘွား ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**လွိုင်လင် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူငယ်နှင့်စာရိတ္တအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အမှတ်(၃) တပ်ဖွဲ့စိတ်(လွိုင်လင်)မှ ဒုရဲမှူးတင်မောင်မြင့်က လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်နှင့်စာရိတ္တအကြောင်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲအုပ် ဉာဏ်လင်းထွန်းက လူကုန်ကူးမှုဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကြပြီး

လူကုန်ကူးမှုဆိုင်ရာ ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ၊ စတေကာများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ထုတ်ဝေသည့် သတင်းစကားလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်တို့မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ ဝန်ထမ်းများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းဝင် အခြေခံသမဝါယမအသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနား ပထမပိုင်းတွင် သဘာဝတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းသားစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်း၍ တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဒုတိယပိုင်း အမှုဆောင်သစ် ပြန်လည်ရွေးချယ်ခြင်းအခမ်းအနားတွင် သဘာဝတိအဖြစ် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဆွေက ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ပေးအပ်ခဲ့ပြီး အမှုဆောင်အဖွဲ့ဝင်အသစ်များက ကတိသစ္စာ ခံယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သာယာဝတီ၌ လုပ်ငန်းခွင်အကြို ဆရာ ဆရာမများ ရက်တိုသင်တန်းဖွင့်

**သာယာဝတီ ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထက(၁) သာယာဝတီ ပညာ့အားမာန်ခန်းမ၌ ယမန်နေ့က လုပ်ငန်းခွင်အကြို ဆရာ ဆရာမများ ရက်တိုသင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းခွင်အကြို ဆရာ ဆရာမများ အင်အား ဆရာ လေးဦး၊ ဆရာမ ၃၃ ဦး စုစုပေါင်း ၃၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၇၁ ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၅၀၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားဆုံးရှုံးမှုကျဆင်းရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဝန်ထမ်းများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဓာတ်အားဆုံးရှုံးမှုကျဆင်းရေး ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေနှင့် လာမည့်နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ဘဏ္ဍာရေးတာဝန်ခံ အထွေထွေမန်နေဂျာနှင့် မန်နေဂျာများက ဘဏ္ဍာရေးဆိုင်ရာကောက်ခံမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စုဆောင်းထားရှိသည့်ရေများဖြင့် ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အား ပိုမိုထုတ်လုပ်ပေးလျက်ရှိကြောင်း၊ လာမည့်နွေရာသီကာလအထိ စဉ်ဆက်မပြတ် ဆက်လက်ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထပ်မံဖြည့်ဆည်းပေးနိုင်ရန်လည်း ရေအား၊ လေအား စက်ရုံများကိုလည်း တိုးချဲ့တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ထိုက်သင့်သည့်တည်ဆောက်ချိန်ကာလနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာများကို တွက်ချက်လျက်ရှိကြောင်း။

လာမည့် ၂၀၂၅ ခုနှစ်တွင် ဓာတ်အားလိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ပြည်ထောင်စုရန်ပုံငွေဆိုင်ရာ ရင်ငွေစာရင်းများတွင် မိမိတို့ရည်မှန်းထားသည့်အတိုင်း ရရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် နိုင်ငံတော်မှ စိုက်ထုတ်သုံးစွဲနေရမှုများကို လျော့ကျစေရန် တစ်ယူနစ်ထုတ်လုပ်မှုကျဆင်းရေး အရင်းအမြစ်မျိုးစုံမှ ထုတ်လုပ်ရန် စီမံဆောင်ရွက်နေသကဲ့သို့ Losses ကျဆင်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာမြို့နယ်များအလိုက် ရှုပ်ထွေးဆားဗစ်များ ရှင်းလင်းရေးကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း၊ Losses ကျဆင်းရေး Non Technical Lossesပိုင်းတွင် စနစ်တကျ ငွေသွင်းငွေထုတ်ပြုလုပ်၍ နေ့စဉ် ကောက်ခံရငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တစ်ဦးချင်း/အဖွဲ့အစည်းများမှ တစ်ပိုင်တစ်နိုင် ထုတ်လုပ်နေသည့် Roof Top Solar များနှင့် Ground Mounted Solar များမှ ၎င်းတို့ အသုံးမပြုသည့်အချိန်များတွင် ဝယ်ယူနိုင်ရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုယ်စားပြုပြုသမည့်ပြခန်း ပြင်ဆင်ဆောင်ရွက်နေမှု၊ ပြခန်းအတွင်း ခင်းကျင်းပြသမည့် ရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်များ၊ ဓာတ်အားပေးစက်ရုံပုံစံငယ်များ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပုံစံငယ်များ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# The First Yunnan International Innovation and Entrepreneurship Competition ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့်အဖွဲ့အား ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက ကြီးမှူးကျင်းပသည့် The First Yunnan International Innovation and Entrepreneurship Competition ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ DTVET Team အား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဖြူဖြူဝင်းက ပြိုင်ပွဲဝင်အသင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် စက်မှုနည်းပညာလေ့ကျင့်ရေးသင်ကြားရေး သင်တန်းကျောင်းကျောင်းအုပ်ကြီး ဒေါက်တာနေဇာအောင်က ဆုရရှိသည့် Project များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပထမဆုရရှိခဲ့သည့် DTVET Team အား ဂုဏ်ပြုဆုချီးမြှင့်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုစကားပြောကြားသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိ၍ တက္ကသိုလ်စာကြည့်တိုက်နှင့် ဘောလုံးကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာသင်ခန်းများသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ၏သင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းကျောင်းများ၏ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာနည်းပညာသင်တန်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ထားဝယ်မြို့၌ ဖွင့်လှစ်ပို့ချပေးသည်။

**ဖွဲ့စည်းထားခြင်းဖြစ်**

အဆိုပါသင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက CPU သည် ဝန်ကြီးဌာနအသီးသီးတွင် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်ခြေအန္တရာယ်များကို လေ့လာပြီး ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုအခွင့်အလမ်းများကိုတားဆီးရန် ဌာန၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေ့လာဆန်းစစ်၍ အားနည်းချက်များရှိပါက ဖော်ထုတ်ပြုပြင်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု ဖြစ်ပွားလာမှ အရေးယူခြင်းထက် ကြိုတင်တားဆီးကာကွယ်ခြင်းသည် ပိုမိုထိရောက်ကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးသည် ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် အများပြည်သူပါဝင်သော ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက CPU ၏ လုပ်ငန်းတာဝန်များ၊ တည်မြဲလုပ်ထုံးလုပ်နည်း၊ လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး PFP အသုံးပြု ဆောင်ရွက်နိုင်ရေး လက်တွေ့လေ့ကျင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက် အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့် လည်းကောင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် တည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့ကျန်းမာရေးဆိုင်ရာ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

**ပိုမိုဖြည့်ဆည်းဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုလက်လှမ်းမီရရှိရေးအတွက် ကျန်းမာရေးအခြေခံအဆောက်အအုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အဆင်သင့်ရှိနေစေရေး ပိုမိုဖြည့်ဆည်းဆောင်ရွက်ရန်၊ ကျန်းမာရေးစောင့်ရှောက်သူများ၏ စွမ်းဆောင်ရည်မြင့်မားရေး အားဖြည့်ဆောင်ရွက်ရန်၊ လက်ရှိကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် လုပ်ငန်းများ အသေးစိတ်ပြန်လည်စိစစ်သုံးသပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ အနေဖြင့် မြို့နယ်အလိုက် ကျန်းမာရေးဌာနများ ဖွင့်လှစ်နိုင်မှုကို အသေးစိတ် ပြန်လည်ဆန်းစစ်ဆွေးနွေးကြရန် လိုကြောင်း၊ ကျေးလက်ကျန်းမာရေး ဌာနများတွင် ကျန်းမာရေးမှူး သို့မဟုတ် အမျိုးသမီး ကျန်းမာရေးဆရာမ တစ်ဦး အနည်းဆုံးရှိရန်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမတစ်ဦး အနည်းဆုံးရှိရန် စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအနေဖြင့် လက်ထောက် ကျန်းမာရေးမှူး (အကျဉ်းချုံး) သင်တန်း၊ အမျိုးသမီး ကျန်းမာရေးဆရာမ သင်တန်းစသည့် လုပ်ငန်းခွင်သင်တန်းများကို ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် လိုအပ်မည့် သင်တန်းအစီအစဉ်များ ပြင်ဆင်ပြုစုထားရန်လိုကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေသော သားဖွားဆရာမများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်လိုကြောင်း၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်နိုင်ရန် အရန်သားဖွား ဆရာမများကို မွေးထုတ်ပေးရမည်ဖြစ်ပြီး မွမ်းမံသင်တန်းများ ပေးရန်လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်သည့် အချိန်ကတည်းကစ၍ အခြားသော အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်အားဖြည့်ဆက်လက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဖွင့်လှစ်နိုင်သည့် တိုက်နယ်ဆေးရုံများမှအပ ကျန်တိုက်နယ်ဆေးရုံများတွင် ဆရာဝန်နှင့် သူနာပြုများ ဖြည့်ဆည်းသွားရန်လိုအပ်ပြီး စနစ်တကျ နေရာချထားရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စားသုံးကုန်ပစ္စည်းများကို တရားဝင်မှတ်ပုံတင်ရေး တိုက်တွန်းကြရန်နှင့် သတ်မှတ်ချက်များနှင့်အညီ အစားအသောက်များ ထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဆောက်လုပ်ရေး၊ ဘဏ္ဍာရေး၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ မှာကြားကြသည်။

အဆိုပါ အစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရေးသုံးပါး

❖ ဆုံးလွယ်, ရခက်၊ ဤသည့်ထက်ကား
ရှေ့ဆက်တည်ရေး၊ ပိုခက်သေးရှင့်
သွေးခွေးရင်းမှ၊ ပန်ခွင့်ရသည့်
အနုဌထိုက်သော လွတ်လပ်ပန်း။
စည်းလုံးမှုဖြင့် တို့ဆွတ်လှမ်း။

❖ အချုပ်အခြာ
လွတ်လပ်ပါမှ၊ ရလာရလည်း
ရသည့်ချုပ်ခြာ၊ လွတ်လပ်ပါလျက်
ကြမ္မာဖန်ခွင့်၊ ပျောက်ကွယ်လွင့်သည့်
ကျွန်နှင့်တူစွ၊ ထိုဘဝကို
မကျရောက်ရန် တို့ရည်ရွယ်။
ညီညွတ်မှုဖြင့် တို့ကာကွယ်။

❖ လွတ်လပ်, ချုပ်ခြာ၊ ဤနှစ်ဖြာကို
ကမ္ဘာနှင့်ချီ၊ အဓွန့်တည်ရန်
ညီနောင်သွေးချင်း၊ စည်းလုံးခြင်းဖြင့်
ညီနောင်သားချင်း၊ ညီညွတ်ခြင်းဖြင့်
စိတ်ရင်းဖြောင့်မှန်၊ အပြုဖန်ကာ
သံသယ ဖျောက်ဖျက်ကြပါစို့။
တွဲလက်ခိုင်မာ မြဲမြံဖို့။ ။

(၇၆ နှစ်မြောက် ပြည်ထောင်စုနေ့သို့)

**ကို(စစ်တက္ကသိုလ်)**

❍ **လျှပ်စစ်မှ**

Import Declaration ဖွင့်လှစ်ဆောင်ရွက်ခဲ့သော လျှပ်စစ်သုံးယာဉ် Charger များအား ယနေ့တွင် MITT ဆိပ်ကမ်း၌ အကောက်ခွန်ဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့ဖြင့် သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာပါ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခဲ့ပြီး မှန်ကန်မှုရှိပါသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယနေ့တွင် ထုတ်ယူခွင့်ပေးခဲ့ကြောင်းနှင့် အဆိုပါ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ကျောဖုံးမှ**

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ၄က်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီ ပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ခြောက်လခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၂ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၃၆၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော် ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးနှင့် မိုးရေ၏ Electric Conductivity – EC များကို တိုင်းတာသည့် စခန်း ၄၁ ခုအနက် ကော့သောင်းစခန်းတွင်သာ မိုးရွာသွန်းခဲ့ပြီး ကျန်စခန်းများတွင် မိုးရွာသွန်းခဲ့ခြင်းမရှိဘဲ ကော့သောင်းစခန်းတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ကော့သောင်းစခန်း၌ ရွာသွန်းခဲ့သော မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ–၂)

**သတင်းစဉ်**




ရွာသွန်းခဲ့သော မိုးရေနမူနာ၏ pH တန်ဖိုး

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁။ | ကော့သောင်း | ၇.၁ |

ပုံ(၂)။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




## ချောင်းဆုံမြို့နယ် ရွာလွတ်(အထက)ကျောင်းတွင် လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ယနေ့ နံနက် ၁၀ နာရီက (အထက)ရွာလွတ်ကျောင်း ပညာဂုဏ်ရောင်ခန်းမတွင် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမွန်စံက အဖွင့်အမှာ စကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးကျော်သူလင်းတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများဖြစ်သည့် မထက်နုအိမ်က လူငယ်နှင့်ပညာရေးခေါင်းစဉ်၊ မောင်ကျော်လျှံထက်က လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုးခေါင်းစဉ်၊ မောင်ဘုန်းကျော်က လူငယ်နှင့်အားကစားခေါင်းစဉ်၊ မဟန်သူသူထက်က လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူးခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇ဖ)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်များ ပြသပေးခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ချောင်းဆုံ(ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအဖြစ်သာမက စီးပွားဖြစ်လုပ်ငန်းအဖြစ် ထူထောင်လုပ်ကိုင်နိုင်သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာများ သင်ကြားသင်ယူမှုလုပ်ငန်းကို အလေးအနက်ထား ကြိုးပမ်းကြစေလို

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စိုက်ပျိုး မွေးမြူရေးဆိုင်ရာ နည်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်ပါက မိမိကိုယ်တိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ်သာမက စီးပွားဖြစ်လုပ်ငန်း အဖြစ် ထူထောင်လုပ်ကိုင်နိုင်ကြမည်ဖြစ်၍ သင်ကြားသင်ယူမှု လုပ်ငန်းများကို အလေးအနက်ထား ကြိုးပမ်းကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စိုက်ပျိုးရေးသိပ္ပံ(ဟဲဟိုး)မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ယမန်နေ့က စိုက်ပျိုးရေးသိပ္ပံ(ဟဲဟိုး)၌ တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး မည်သည့်ခေတ်ကာလ အခြေအနေမျိုးတွင်မဆို လူသားတို့၏ စားနပ်ရိက္ခာလိုအပ်ချက်မှာ လျော့ပါးသွားမည် မဟုတ်ဘဲ တိုးတက်လာသည့် လူဦးရေနှင့် ပြောင်းလဲလာသည့် စားသောက်မှု ပုံစံများကြောင့် စိုက်ပျိုး မွေးမြူရေးကဏ္ဍ၏ ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး အတွက် ကျွမ်းကျင်သော လူသားအရင်းအမြစ် လိုအပ်ချက်မှာလည်း တိုးလာလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို ချီးမြှင့်ထောက်ပံ့ငွေ၊ အာဟာရ ဖြည့်စွက်စာများနှင့် သုတရသ စာအုပ်များပေးအပ်ပြီး မွေးမြူရေး လက်တွေ့လုပ်ငန်းခွင်နှင့် စိုက်ပျိုးရေးပညာရပ် လက်တွေ့လုပ်ငန်းခွင်တို့၌ စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ယူနေမှုများကို ကြည့်ရှု အားပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ ဟဲဟိုးဥယျာဉ်ခြံသို့ သွားရောက်၍ စပါး၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စပ်မျိုးနေကြောနှင့် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့်များ မျိုးပွားထုတ်လုပ်မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သီးနှံအလိုက် မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးနည်းစနစ်ကောင်းများကိုတောင်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် အပင်တစ်သျှူးနည်းပညာဖြင့် ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းသည့် မျိုးကောင်းမျိုးသန့် အာလူးမျိုးများ ပွားများထုတ်လုပ်ဖြန့်ဖြူးပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ဧရာဝတီမြစ်ကမ်းနံဘေးရှိ မိုးတားလေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် စာသင်ကျောင်းများအတွင်းသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၇ ရက်မှစ၍ အခိုင်အမာဝင်ရောက်နေထိုင်ကာ ဧရာဝတီမြစ်တစ်လျှောက် သွားလာသည့် စက်လှေငယ်များနှင့် ရေလုပ်ငန်းဆောင်ရွက်သူများအား လည်းကောင်း၊ ရွှေကူ၊ မြို့လှ၊ ကသာ လမ်းကြောင်းပေါ်ရှိ ကျေးရွာများမှ ပြည်သူလူထုများအားလည်းကောင်း၊ အဓမ္မတားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခြင်းနှင့် ဒလန်စွပ်စွဲ၍ သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြောင်း အကြမ်းဖက်မှုကို ဆန့်ကျင်လိုသည့် ဒေသခံပြည်သူများကနီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပို့လာသဖြင့် တပ်မတော်စစ်ကြောင်းတစ်ကြောင်းမှ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter– Terrorism Operation)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲ ခုနစ်ကြိမ် အပြင်းအထန်ဖြစ်ပွားခဲ့သည်။

တိုက်ပွဲများ ဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများ၊ ကျေးရွာစာသင်ကျောင်းများရှိ သဲအိတ်ဘန်ကာများ၊ မြေအောက်ကတုတ်ကျင်းများအတွင်းမှ တပ်မတော်စစ်ကြောင်းအား အပြင်းအထန်ပြန်လည်ပစ်ခတ်ခြင်း၊ နီးစပ်ရာ ဦးဆောင်လှူပ်ရှားနေသည့် PDF အဖွဲ့များက ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သလို ကျေးရွာသူကျေးရွာသားများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထုတ်ပြန်ထားသည့်အတိုင်း ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement –ROE)နှင့်အညီ တိကျစွာလိုက်နာပြီး အရပ်သားပြည်သူများ၊ ကျေးရွာများရှိ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများအား အတတ်နိုင်ဆုံးထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ ထပ်မံ၍ တပ်မတော်စစ်ကြောင်းများ အချိန်မီစစ်ကူရောက်ရှိခြင်းနှင့် လေကြောင်းပစ်ကူရယူတိုက်ခိုက်ခြင်းတို့ကြောင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အကြမ်းဖက်သမားများသည် မိုးတားလေးကျေးရွာရှိ နေအိမ်အချို့အား မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးခြင်းအား အရေးပေါ်ဆောင်ရွက်ခြင်းနှင့် ကျေးရွာပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးအပြည့်အဝရယူပေးခြင်းတို့ ဆောင်ရွက်ခဲ့ရသည်။




KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အခိုင်အမာဝင်ရောက်နေထိုင်သည့် မိုးတားလေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် ဘုရားကုန်း နေရာပြပုံ။

တိုက်ပွဲများပြီးဆုံးပြီးနောက် ကျေးရွာအတွင်း လှည့်လည်စစ်ဆေးခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းပရဝဏ်အတွင်း သဲအိတ်ဘန်ကာများ၊ မြေအောက် အပစ်ကတုတ်ကျင်းများ အခိုင်အမာတည်ဆောက်ခုခံခြင်း၊ စာသင်ခန်းများအတွင်း ပညာသင်ကြားနေသည့်ကလေးများ အသုံးပြုသည့် စာရေးခုံများကိုအသုံးပြု၍ သဲအိတ်များဖြင့် ဘန်ကာသဖွယ် အခိုင်အမာစခန်းတည်ဆောက်ထားခြင်းအပြင် အဓိကခုခံခဲ့သည့် ရွာဦးစေတီတော်ကုန်းတစ်ဝိုက်၌လည်း စေတီပုထိုးများ အကာအကွယ်ဖြင့် လည်းကောင်း၊ သံဃာနှင့် ကပ္ပိယအိပ်ဆောင်များ၌ လည်းကောင်း သဲအိတ်များစီ၍ ခုခံခဲ့သည့် အနေအထားတို့ကို တွေ့ရှိခဲ့သဖြင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများအတွင်းရှိ ဘန်ကာများနှင့် စေတီကုန်းတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းနှင့် ကျေးရွာတစ်ဝိုက်တို့အား မိုင်းရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး စေတီပုထိုးနှင့် သံဃာအိပ်ဆောင်များ ပြန်လည်ပြုပြင်ပေးခြင်းများကို ကျေးရွာသူ ကျေးရွာသားများနှင့်အတူ ဆောင်ရွက်ပေးခဲ့ကာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ အခိုင်အမာစခန်းများ ပြုလုပ်မှုအတွက် အကြမ်းဖက်အုပ်စုတို့က ရွာသူ ရွာသားများအား အဓမ္မနည်းဖြင့် ခြိမ်းခြောက်ဆောင်ရွက်စေခဲ့ကြောင်းကိုလည်း သိရှိရသည်။



KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ခံစစ်စခန်းသဖွယ်ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုးတားလေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း စာသင်ခန်းများအတွင်း သဲအိတ်ဘန်ကာများ ဆောက်လုပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ ကျေးရွာများအတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများအတွင်း ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူ တိုက်ခိုက်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကာအကွယ်ရယူပစ်ခတ်ခဲ့သည့် မိုးတားလေးကျေးရွာအနီးရှိ ဘုရားကုန်း။

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့အတွင်းဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိခြင်းကြောင့် ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ် များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦးသေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ် ဖြင့် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံပိုင်အဆောက်အအုံများအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ် ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း၊ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့မှ ဘုရားဖူးပြန်လာသည့်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးကာ ခြောက်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် ဘုရားဖူးယာဉ်အား တွေ့ရစဉ်။

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့နယ်အတွင်း NUG၊ CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဘုရားဖူးပြန်လာသည့် မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သံဃာတော်တစ်ပါးအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးသန်းထွေး မောင်းနှင်ပြီး ကလိန်အောင်မြို့ ရာဖူးသစ်ကျေးရွာ ဗုဒ္ဓသာသနာရက္ခိတကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဥက္ကဋ္ဌနှင့် တပည့်ဒါယကာ ရှစ်ဦးတို့သည် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် ရာဖူးသစ်ကျေးရွာမှ ထားဝယ်မြို့ရှိ ဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပြန်လည်ထွက်ခွာလာစဉ် မွန်းလွဲ ၃ နာရီခန့်တွင် ကလိန်အောင်မြို့၏တောင်ဘက် ၁၄ မိုင်ခန့်အကွာ နှမ်းကြဲကျေးရွာအနီးသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးကာ ခြောက်ဦးတို့တွင် လက်နက်ငယ်ကျည်များ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ သေဆုံး၊ ဒဏ်ရာရရှိသူများအား ထားဝယ်မြို့ ပရဟိတအသင်းမှ မော်တော်ယာဉ်ဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်းလက်တွဲကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်တင်ရေးဆိုင်ရာ လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက အဆိုပါတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမျိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချသင်ကြားမည့်သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာတက်ရောက်လာကြသော တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများထံသို့ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်တင်ရေး လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်းသို့ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်များမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် လူစွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင် ဆရာ ဆရာမများက ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

JJJ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာနေ စိုးနန္ဒာထွန်း (ခ) ဒါဒါသည် ၎င်းအသုံးပြုသည့် "Dar Dar" Tiktok အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စည်သာယာရပ်ကွက်နေ ဝင်းကျော်စိုးသည် ၎င်းအသုံးပြုသည့် "Win Kyaw Soe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာနေ မိုးဇော်ထွန်းသည် ၎င်းအသုံးပြုသည့် "Moelay Myanmar" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဉ်ဠုရပ်ကွက် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၌ ယနေ့နံနက် ၁၁ နာရီတွင် ကိုဗစ်-၁၉ ရောဂါအား စဉ်ဆက်မပြတ် ကာကွယ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်းကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၃၈ ဦးကို ထိုးနှံပေးခဲ့ပြီး အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယမြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမိုးမိုးမြင့်က ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်မှ တာဝန်ရှိသူထံသို့ လက်သန့်ဆေးရည်များ လှူဒါန်းခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ကျန်းမာရေးမှူးဦးဆောင်သော အခြေခံကျန်းမာရေးဝန်ထမ်းများ၊ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းယုနှင့် ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ ဆရာ ဆရာမများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၆၉၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၉၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၇၀,၁၁၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၈၄၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၃၁၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့် ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၉၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၀၀ |
| 95 Ron | ၂၂၂၀ | ၂၂၇၀ | ၂၂၇၀ | ၂၂၃၀ | ၂၂၇၀ | ၂၂၉၅ | ၂၂၈၀ | ၂၂၅၅ | ၂၃၅၅ | ၂၃၇၀ | ၂၂၆၀ | ၂၂၈၀ | ၂၃၀၅ | ၂၃၁၀ | ၂၃၁၀ | ၂၅၄၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၂၅ | ၂၃၂၀ | ၂၂၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၂၉၅ | ၂၃၀၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၄၅ | ၂၅၇၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၇ | ၂၁၂၁ |
| 95 Ron | ၂၁၁၁ | ၂၁၈၆ |
| HSD (500 ppm) | ၂၀၆၈ | ၂၁၃၉ |
| HSD (50 ppm) | ၂၁၄၂ | ၂၂၁၄ |
| HSD (10 ppm) | ၂၁၄၂ | ၂၂၁၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရွာင်မြို့နယ်၌ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**ရွာင် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်၌ (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်နံနက် ၈ နာရီက အထက(ရွာင်) ပြဒါးလင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၆) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့လာသည့် သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဖတ်ကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြစဉ်။

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လေ့လာကြစဉ်။

# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဒုတိယနေ့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၌ ကျင်းပမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

အဆိုပါတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစ၍ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း၊ နေပြည်တော်မြို့မစျေး၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ သွားရောက်လေ့လာခဲ့ကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၉ ဦး၊ ကယားပြည်နယ်မှ ၃၈ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၈ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၂၈ ဦးနှင့် ရှမ်းပြည်နယ်မှ ၃၈ ဦးတို့ပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းရင်းသားအစုံအလင်ကို တစုတစည်းတည်း တွေ့ခွင့်ရတဲ့အပြင် ရိုးရာအကတွေကိုလည်း မြင်တွေ့ခွင့်ရတဲ့အတွက် အသိအမြင်ဗဟုသုတတွေ တိုးပွားစေပါတယ်

**မယမင်းဆုထက်**

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ပြည်ထောင်စုနေ့ အမှတ်တရစကားသံများကို ဖော်ပြလိုက်ပါသည်။

**မိစန္ဒာလင်း**

**မယမင်းဆုထက်**

**မထွန်းရတနာဦး**

**မယွန်းနေခြည်**

**မသက်မာအောင်**

**မိစန္ဒာလင်း**
**(မွန်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့ မွန်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့မှာ အဖွဲ့ဝင် ၃၄ ယောက် ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ "မွန်တို့အားမာန်" တေးသီချင်းနဲ့ ဖျော်ဖြေကြမှာဖြစ်ပါတယ်။ အခုလို ပြည်ထောင်စုနေ့မှာ ပါဝင်တက်ရောက် ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးကလာကြတဲ့ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ဆုံခွင့်ရတဲ့အပြင် သူတို့ရဲ့ရိုးရာယဉ်ကျေးမှု၊ နေထိုင်မှုပုံစံတွေကိုပါ သိရှိလေ့လာခွင့်ရတဲ့အတွက် အသိပညာ ဗဟုသုတများစွာရပါတယ်။ ကိုယ့်တိုင်းရင်းသားတွေရဲ့ အကြောင်းတွေကိုလည်း ပြန်လည်မျှဝေခွင့်ရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အဲဒီအပြင် နေပြည်တော်က အထင်ကရနေရာတွေကိုလည်း လေ့လာရေးခရီးစဉ်တွေ အဖြစ် ပို့ဆောင်ပေးတဲ့အတွက် ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ ပို့ဆောင်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**မယမင်းဆုထက်**
**(မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တိုင်းရင်းသားအစုံအလင်ကို တစုတစည်းတည်း တွေ့ခွင့်ရတဲ့အပြင် ရိုးရာအကတွေကိုလည်း မြင်တွေ့ခွင့်ရတဲ့အတွက် အသိအမြင် ဗဟုသုတတွေတိုးပွားစေပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသားပေါင်းစုံနဲ့ တစုတစည်းတည်း လေ့လာရေးခရီးတွေ သွားရောက်ရတဲ့ ပျော်ရွှင်မှုကို အမြဲအမှတ်ရနေမှာ ဖြစ်သလို သူတို့ရဲ့ စကားသံဝဲဝဲလေးတွေကိုလည်း သတိရနေမှာဖြစ်ပါတယ်။

**မထွန်းရတနာဦး**
**(ရှမ်းပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့ ရှမ်းပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ အနေနဲ့ စုစုပေါင်း ၃၈ ယောက် ပါပါတယ်။ ဖျော်ဖြေရေးအနေနဲ့ "ကမ္ဘောဇအလှ" ရှမ်းတေးသီချင်းနဲ့ ဖျော်ဖြေကြမှာဖြစ်ပါတယ်။ နေပြည်တော်ရဲ့ အထင်ကရ နေရာတွေကို လိုက်ပို့ပေးတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို မတွေ့မမြင်ဖူးသေးတဲ့အရာတွေကို သွားရောက်လေ့လာခွင့်ရတဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ နက္ခတ်တာရာပြခန်းဆိုရင် တစ်ခါမှမမြင်ဖူးတဲ့အတွက် မြင်လိုက်ရတဲ့အချိန်မှာ အံ့သြမိပါတယ်။ ဒေသအသီးသီးက တိုင်းရင်းသားတွေကို အခုလို စုံစုံညီညီ ဆုံတွေ့ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

**မယွန်းနေခြည်**
**(မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

မန္တလေး တိုင်းဒေသကြီး ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ အနေနဲ့ "ပြည်ထောင်စုနေ့" သီချင်းနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသား စုံစုံလင်လင်ကို တစ်နေရာတည်းမှာ တွေ့ဆုံရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အဲဒီအပြင် တိုင်းရင်းသား ညီအစ်ကို မောင်နှမတွေနဲ့ အတူတကွ နေပြည်တော်ရဲ့ အထင်ကရနေရာတွေကို လေ့လာခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အခုလို ဒေသအသီးသီးက တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရချိန်မှာ တစ်ဦးနဲ့တစ်ဦး ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးတမ်းတွေကို အမြင်ချင်းဖလှယ်ကြရင်း ရင်းနှီးမှု၊ ချစ်ခင်မှု၊ နားလည်မှုတွေ ရရှိခဲ့ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မာရေးအတွက်လည်း အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**မသက်မာအောင်**
**(ရခိုင်ပြည်နယ် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့)**

ကျွန်မတို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့ အနေနဲ့ စုစုပေါင်း ၂၈ ယောက် ပါပါတယ်။ ကျွန်မတို့ရဲ့ ရိုးရာဖြစ်တဲ့ "အဇိန်ဇိပ်ကေ" ကစားနည်းအက သီချင်းနဲ့ ကပြဖျော်ဖြေမှာဖြစ်ပါတယ်။ အခုလို နိုင်ငံတော် အဆင့်အခမ်းအနားမှာ ပထမဆုံး အကြိမ် ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီမှာ တိုင်းရင်းသားပေါင်းစုံနဲ့ တွေ့ရတဲ့ အတွက်ကြောင့်မို့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမိပါတယ်။ နေပြည်တော် ရောက်နေစဉ်မှာလည်း အထင်ကရနေရာတွေကို သွားရောက် လေ့လာခွင့်ရတဲ့အပြင် တိုင်းရင်းသားဘာသာ စကားတွေကိုလည်း အချိန်တိုအတွင်းမှာ လေ့လာဖလှယ်ခွင့်ရတဲ့အတွက် နောင်နှစ်တွေလည်း ကြုံချင်ပါတယ်။

**သန်းမင်းအောင်**
**ကျိုင်းလော(သတင်းစဉ်)**
**ဓာတ်ပုံ- ကိုကိုအေး**

(၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ် အရင်းတည် ပင်လုံမှသည် နိုင်ငံတစ်ဝန်းဆီသို့

သီဟစည်သူ

**မြန်မာနိုင်ငံတော်ကြီး ထီးကျိုးစည်ပေါက် နယ်ချဲ့လက်အောက်ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြရာတွင် "ပြည်ထောင်စုနေ့" သည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်သည်။ ပင်လုံမြေမှစတင်ခဲ့သည့် တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်မှု၏ သင်္ကေတဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းတည်ပေါက်ဖွားရာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ပြည်ထောင်စုအလံတော်ကို လွှင့်ထူခဲ့ကြသည်မှာ ယခုဆိုလျှင် ၇၆ နှစ် တိုင်ခဲ့လေပြီ။**

အတိတ်ကိုသုံးသပ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံတွင် အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လက်ထက်နှင့် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းစဉ်ကာလများအတွင်း မကြုံစဖူးအောင် စည်းလုံးညီညွတ်ခဲ့ကြသည်မှာ သမိုင်းမှတ်တမ်းများတွင် အထင်းသားပေါ်လွင်နေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားအပေါင်းတို့သည် ဤမြေတွင် အတူနေ၍ ဤရေကို အတူသောက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများပင်ဖြစ်၍ ရာဇဝင်အဆက်ဆက် မည်မျှပင် ပြောင်းလဲခဲ့သော်လည်း နှစ်ပေါင်းများစွာတိုင်အောင် ပြည်ထောင်စုအလံတော်အောက်တွင် တစုတစည်းတည်း၊ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့်သာ ဤသံမဏိလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့ကြခြင်းပင်ဖြစ်သည်။

## ပင်လုံမှပေးသော ပြည်ထောင်စုအမွေ

၁၉၄၅-၁၉၄၆ ဝန်းကျင်နှစ်များအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံး ရှိခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပခဲ့သော ဖဆပလ လူထုညီလာခံကြီးမှ "တောင်တန်း - ပြည်မ ပူးပေါင်းရေး" အဆိုကို အောင်မြင်စွာ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည်။ အမှန်စင်စစ် ပင်လုံမြေမှပေးအပ်သော ပြည်ထောင်စုအမွေဆိုသည်မှာ ၁۹၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ တက်ရောက်ခဲ့သည့် ဒုတိယအကြိမ် ပင်လုံညီလာခံ အစည်းအဝေးကြီး၌ မြန်မာနိုင်ငံမှ ရရှိခံစားရမည့် လွတ်လပ်ရေးကြီးကို တိုင်းရင်းသားလူမျိုးအားလုံး အကျိုးတူ ရရှိခံစားနိုင်ရန်အတွက် ဆွေးနွေးကာ ၁۹၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် စာချုပ်တစ်ရပ်အဖြစ် သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ပင်လုံညီလာခံသည် လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး ဥမက္ကဲသိုက်မပျက် ပူးပေါင်းဆောင်ရွက်မည်ဟူသော သွေးစည်းညီညွတ်ရေး သမိုင်းမှတ်တိုင်ကြီးကို စိုက်ထူနိုင်ခဲ့သော ညီလာခံကြီးပင်ဖြစ်သည်။ တစ်နည်းအားဖြင့် **ပင်လုံစာချုပ်**သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ထည်ဝါခဲ့ညားစေခဲ့သည်သာမက ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူ ဖော်ဆောင်နိုင်ခဲ့သော ညီလာခံကြီးပင် ဖြစ်သည်။

## ပင်လုံကျေးဇူး

**"ကမ္ဘာတွင် ဖက်ဆစ်စနစ်သည် ဗုန်းဗုန်းကျဆုံးနေလေပြီ။ မြန်မာပြည် မြေပြန့်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး လှုပ်ရှားမှုကြီးသည် အစွမ်းကုန်ညီညွတ်တောင့်တင်းနေပေသည်။ တောင်တန်းဒေသတစ်ရိုးတွင်လည်း နိုးကြားမှုသည် အရှိန်အဟုန်ရနေပေပြီ။ ဤအခြေအနေတွင် ပင်လုံညီလာခံကျင်းပကာ တောင်တန်းသားခေါင်းဆောင်တို့၏ သဘောထားကို ထုတ်ဖော်စေသောအခါ 'ရှမ်း၊ ချင်း၊ ကချင် အစရှိသော ငါတို့တောင်တန်းသားတို့သည် မြေပြန့် မြန်မာတို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ လုံးဝလွတ်လပ်ရေးကို အရယူကြမည်' ဟု တစ်ခဲနက်သော အသံကြီးထွက်ပေါ်လာခဲ့လေသည်။ ဤကိစ္စတွင် ဗိုလ်ချုပ်အောင်ဆန်းအပေါ် တောင်တန်းဒေသခေါင်းဆောင်များ၏ မမှိတ်မသုန်သော၊ မတုန်မလှုပ်သော ယုံကြည်မှုသည်လည်း အဓိကအချက်တစ်ရပ်အနေဖြင့် ပါဝင်နေသည်ကို မမေ့အပ်ပေ။ ဤသို့ ပင်လုံညီလာခံကြီးသည် နယ်ချဲ့သမားတို့၏ နှစ်ပေါင်းရာချီ၍ တည်ဆောက်ခဲ့သော သွေးခွဲရေးစနစ်ကြီးကို တအားကုန်ရိုက်ချိုးနိုင်ခဲ့ပေသည်။ ယင်းကဲ့သို့ နယ်ချဲ့တို့၏ 'သွေးခွဲအုပ်ချုပ်မှု' ကြီးကို ပင်လုံတွင် ရိုက်ချိုးနိုင်ခဲ့သဖြင့် ၁۹၄၇ခုနှစ်တွင် တိုင်းရင်းသားပေါင်းစုံ ကိုယ်စားလှယ်များ ပါဝင်သော တိုင်းပြုပြည်ပြုလွတ်တော် ကျင်းပနိုင်ခဲ့ပေသည်။"** ဟု ရှမ်းပြည်နယ် ကိုယ်စားလှယ်အဖြစ် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သူ ဦးတင်အေး(ရှမ်းပြည်) ၏ ပင်လုံကိုယ်တွေ့စကားသံကို ငွေတာရီ မဂ္ဂဇင်း အမှတ် - ၉၂ တွင် ဖော်ပြခဲ့လေသည်။

အဆိုပါ ပင်လုံစာချုပ် ချုပ်ဆိုခဲ့သည့် ထိုနေ့ကို **"ပြည်ထောင်စုနေ့"** အဖြစ် သတ်မှတ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်နှစ်တိုင်း ဆင်ယင်ကျင်းပခဲ့သည်။ ၁۹၄၈ နှင့် ၁۹၄၉ ခုနှစ်များတွင် ပြည်ထောင်စုနေ့သဘင်ကို ပင်လုံမြို့၌ ကျင်းပခဲ့ပြီး ၁۹၅၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။

## ပြည်ထောင်စုအလံတော်သယ်ယူ

ပြည်ထောင်စုနေ့သဘင်ကို ကျင်းပသည့်အခါ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားပေါင်းစုံတို့၏ ကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြသည်။ ထူးခြားချက်မှာ ၁۹၅၄ ခုနှစ်မှစတင်၍ ပြည်ထောင်စုအလံတော်ကို အလှည့်ကျရာ ပြည်နယ်အသီးသီးမှ ပြည်ထောင်စုနေ့သဘင် ကျင်းပချိန်အမီ ရန်ကုန်မြို့သို့အရောက် လက်ဆင့်ကမ်းသယ်ယူခဲ့ခြင်းပင်ဖြစ်သည်။ ထိုနှစ်တွင် တိုင်းရင်းသားလူမျိုးစုတို့ ပူးပေါင်းသွေးစည်းရာ ပင်လုံမြို့မှ ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုနေ့အမီ ရန်ကုန်မြို့သို့အရောက် လက်ဆင့်ကမ်းသယ်ယူလာပြီးလျှင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ အပ်နှံခဲ့သည်။

၁۹၇၀ ပြည့်နှစ်က ကျိုက္ကဆံကွင်း ဗဟိုစင်မြင့်မှ သယ်ဆောင်လာသောအလံတော်ကို မြို့တော်ခန်းမတွင် ရန်ကုန်မြူနီစီပယ်မင်းကြီး ဗိုလ်မှူးကြီးမျိုးအောင် စိုက်ထူစဉ်။

အဆိုပါ အလံတော်သယ်ယူသည့် လမ်းတစ်လျှောက်ရှိ မြို့များ၌ ပြည်ထောင်စုအလံတော် အလေးပြုပွဲနှင့် တိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုအလံတော် ကြိုဆိုပွဲများကို ခြိမ်ခြိမ်သဲသဲ ကျင်းပခဲ့ကြသည်။

ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းနှင့် ပတ်သက်၍ ၁۹၅၄ ခုနှစ် နောက်ပိုင်း ၁۹၅၅ ခုနှစ်မှ ၁۹၆၄ ခုနှစ်အထိ ပြည်ထောင်စုအလံတော် သယ်ဆောင်ခြင်းအခမ်းအနား မကျင်းပနိုင်ခဲ့ဘဲ ၁۹၆၅ ခုနှစ်မှ ၁۹၇၃ ခုနှစ် (၅၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအထိ ပြည်ထောင်စုအလံတော်အား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားများ ကျင်းပခဲ့သည်။

**စာမျက်နှာ ၁၉ သို့ ✤**

၁۹၇၀ ပြည့်နှစ်က ပြည်ထောင်စုအလံကို မန္တလေးမြို့မှ ရန်ကုန်မြို့သို့ စတင်သယ်ယူသည့် အခမ်းအနားကျင်းပစဉ်။



THE PANGLONG AGREEMENT

Dated Panglong, the 12th. February 1947.

THE PANGLONG AGREEMENT, 1947.

A Conference having been held at Panglong, attended by certain Members of the Executive Council of the Governor of Burma, all Sawbwas and representatives of the Shan States, the Kachin Hills and the Chin Hills :

The Members of the conference, believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government :-

The Members of the Conference have accordingly, and without dissentients, agreed as follows :-

1. A Representative of the Hill Peoples, selected by the Governor on the recommendation of representatives of the Supreme Council of the United Hill Peoples (SCUHP), shall be appointed a Counsellor to the Governor to deal with the Frontier Areas.

2. The said Counsellor shall also be appointed a Member of the Governor's Executive Council, without portfolio, and the subject of Frontier Areas brought within the purview of the Executive Council by Constitutional Convention as in the case of Defence and External Affairs. The Counsellor for Frontier Areas shall be given executive authority by similar means.

3. The said Counsellor shall be assisted by two Deputy Counsellors representing races of which he is not a member. While the two Deputy Counsellors should deal in the first instance with the affairs of their respective areas and the Counsellor with all the remaining parts of the Frontier Areas, they should by Constitutional Convention act on the principle of joint responsibility.

4. While the Counsellor, in his capacity of Member of the Executive Council, will be the only representative of the Frontier Areas on the Council, the Deputy Counsellors shall be entitled to attend meetings of the Council when subjects pertaining to the Frontier Areas are discussed.

5. Though the Governor's Executive Council will be augmented as agreed above, it will not operate in respect of the Frontier Areas in any manner which would deprive any portion of those Areas of the autonomy which it now enjoys in internal administration. Full autonomy in internal administration for the Frontier Areas is accepted in principle.

6. Though the question of demarcating and establishing a separate Kachin State within a Unified Burma is one which must be relegated for decision by the Constituent Assembly, it is agreed that such a State is desirable. As a first step towards this end, the Counsellor for Frontier Areas and the Deputy Counsellors shall be consulted in the administration of such areas in the Myitkyina and the Bhamo Districts as are Part II Scheduled Areas under the Government of Burma Act of 1935.

7. Citizens of the Frontier Areas shall enjoy rights and privileges which are regarded as fundamental in democratic countries.

8. The arrangements accepted in this Agreement are without prejudice to the financial autonomy now vested in the Federated Shan States.

9. The arrangements accepted in this Agreement are without prejudice to the financial assistance which the Kachin Hills and the Chin Hills are entitled to receive from the revenues of Burma, and the Executive Council will examine with the Frontier Areas Counsellor and Deputy Counsellors the feasibility of adopting for the Kachin Hills and the Chin Hills financial arrangements similar to those between Burma and the Federated Shan States.

Shan Committee.
Sawbwa of Yawngpeng State.
Sawbwa of Yawnghwe State.
Sawbwa of North Hsenwi State.
Sawbwa of Laihka State.
Sawbwa of Mong Pawn State.
Sawbwa of Kengtung State.
Representative of Kengtung Sawbwa.
(Htun Pung)
(U Tin E) (U Htun Hlaing)
(U Kyi Bu) (Htun Saw)
(Saw Tape Htu) (Htun Htee)

Kachin Committee.
(Htung Hsu, Myitkyina)
(Aseu Rip, Myitkyina)
(Diara Tang, Myitkyina)
(Zau La, Bhamo.)
(Zau Lawn, Bhamo)
(Labang Grong, Bhamo)

Chin Committee.
(U Hlur Hmung, ATM, TDCA, M.R.P., Falam.)
(U Thawng Za Khup, ATM, Tiddim.)
(U Kio Wang, ATM, Haka)

Burmese Government.
ဗိုလ်ချုပ်

ပင်လုံစာချုပ်မူရင်း။

၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ ပြည်ထောင်စုအလံတော် လွှဲပြောင်းပေးအပ်စဉ်။

✤ **စာမျက်နှာ ၁၈ မှ**

၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပြဋ္ဌာန်းခြင်းနှင့်အတူ နိုင်ငံတော်အလံ လဲလှယ်ခဲ့သည်။

ထို့နောက် ၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ(၁၉၇၈ ခုနှစ်မှအပ) ပြည်ထောင်စုအလံတော်ကို လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်များဖြင့် သယ်ဆောင်ခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအထိ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်း အခမ်းအနားကျင်းပခဲ့သည်။ ယင်းနောက် ၂၀၀၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် ပြည်ထောင်စုနေ့အခမ်းအနားအထိ ၁၅နှစ်တာ ပြည်ထောင်စုအလံတော်သယ်ဆောင်ခြင်း အခမ်းအနားကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားတွင် နေပြည်တော်သို့ ဆောင်ယူလာခဲ့ပေသည်။

## ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာ အရေးကြုံရင် တစ်ဦးက မပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့ စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်"** ဟု ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ပင်လုံမြေမှ အစပြုခဲ့သော တိုင်းရင်းသားသွေးစည်းညီညွတ်မှု၏ သင်္ကေတဖြစ်သည့် ပြည်ထောင်စုအလံတော်သည် နေပြည်တော်သို့ ရောက်ရှိလာသည့်တိုင်အောင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု၏အဓိပ္ပာယ်ကို ပြဆိုနိုင်ခဲ့လေသည်။

ပြည်ထောင်စုနေ့၏ အနှစ်သာရမှာ ပြည်ထောင်စုသားအားလုံး သွေးစည်းညီညွတ်မှုပင်ဖြစ်သည်။ သို့သော်လည်း ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့သည့် ရောင်စုံသူပုန် သောင်းကျန်းမှုများမှ စတင်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများ အလုံးစုံရပ်စဲရေးနှင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရေးတို့အတွက် နှစ်ပေါင်း ဂုဝ ကျော်ကြာ ယနေ့အချိန်အခါအထိ ခေတ်အဆက်ဆက်အစိုးရများက ဖော်ဆောင်နေကြရဆဲပင်။

## ကွက်လပ်ကြီးတစ်ခု

တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု၊ ဓွဲ၊ သတ္တိများဖြင့် ဆက်လက်ဆောင်ရွက်ရမည့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ များစွာကျန်နေပါသေးသည်။ ပင်လုံစိတ်ဓာတ်များ ပြန်လည်နိုးထလာစေရေး များစွာလိုအပ်နေပေသေးသည်။ အမှန်စင်စစ် ပြည်ထောင်စုတိုင်းရင်းသား သွေးစည်းညီညွတ်မှုကို သက်သေပြဆိုရန် **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"** တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လာရေးဟူသည့် ကွက်လပ်ကြီးတစ်ခု ကျန်နေပါသေးသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းရန်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် မဟာသမိုင်းပေးတာဝန်သာ ဖြစ်ပေသည်။

ခေတ်အဆက်ဆက် မြန်မာတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်ရေးကို ဆုံးရှုံးခဲ့ရသည်မှာ ကမ္ဘာ့နိုင်ငံရေး မဂ္ဂါမ်းကျင် မလိမ္မာခြင်း၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးစည်းညီညွတ်မှု လျော့ပါးလာခြင်း၊ ပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ဆုတ်ယုတ်လာခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ဤသည်တို့ကား တိုင်းပြည်လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် ကျွန်ုပ်တို့မျိုးဆက်များအဖို့ သင်ခန်းစာယူစရာ၊ သတိမူစရာများပင်ဖြစ်ပေသည်။ အတိတ်သမိုင်းတွင် ဖြစ်ပျက်ခဲ့ရသမျှ ဖြစ်စဉ်များထဲမှ မိမိတို့သည် ဥဒါန်းကျေသော်လည်း ကမ္ဘာကြေနိုင်ဖွယ်ရာ မရှိသည့် ဖြစ်ရပ်များကို အသည်းနှလုံးထဲတွင် သံမှိုစွဲဘိသကဲ့သို့ ထာဝစဉ်မှတ်သား သင်ခန်းစာယူကြရပါမည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း

> **"မြန်မာနိုင်ငံတွင် အနော်ရထာ၊ ဘုရင်နောင်၊ အလောင်းဘုရားတို့လက်ထက်နှင့် ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေး ကြိုးပမ်းစဉ်ကာလများအတွင်း မကြုံစဖူးအောင် စည်းလုံးညီညွတ်ခဲ့ကြသည်မှာ သမိုင်းမှတ်တမ်းများတွင် အထင်းသားပေါ်လွင်နေသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားအပေါင်းတို့သည် ဤမြေတွင် အတူနေ၍ ဤရေကို အတူသောက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများပင်ဖြစ်၍ ရာဇဝင်အဆက်ဆက် မည်မျှပင်ပြောင်းလဲခဲ့သော်လည်း နှစ်ပေါင်းများစွာတိုင်အောင် ပြည်ထောင်စုအလံတော်အောက်တွင် တစုတစည်းတည်း၊ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်မှုဖြင့်သာ ဤသံမဏိလွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ခဲ့ကြခြင်းပင်ဖြစ်"**

အသက်ရှင်လျက် ရှိစဉ်အခါက ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် **"အခုလက်ရှိဖြစ်နေတဲ့ မြို့ပျက်၊ ရွာပျက်၊ ကျောင်းပျက်၊ အိမ်ပျက်၊ လမ်းပျက်၊ ကျန်းမာရေးပျက်၊ အကျင့်စာရိတ္တပျက်နေတဲ့ အခြင်းအရာတွေကို ခင်ဗျားတို့ ကျေနပ်သလား၊ သဘောကျသလား။ အဲလိုဖြစ်နေတာတွေကို မကျေနပ်ဘူးဆိုရင် အဲဒါတွေကို ပြုပြင်ရအောင် အစိုးရကို ကူဖို့ကိစ္စတွေကို ခင်ဗျားတို့ စိတ်ရောကိုယ်ပါ ကူညီသင့်၊ မကူညီသင့်။ ကူညီမယ်ဆိုရင် ခင်ဗျားတို့ ကူညီသလောက် ခင်ဗျားတို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိတဲ့ အခြေအနေဟာ အမြန်ပြုပြင်လို့ရမှာပဲ၊ ဒီလိုမှမဟုတ်ရင် ခင်ဗျားတို့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ အခြေအနေဟာ ဖြစ်ချင်တိုင်းဖြစ်နေတာကို ခင်ဗျားတို့ တွေ့ရမှာပဲ"** ဟု မြွက်ကြားခဲ့သည်။ ဤမိန့်ခွန်းကို ကြည့်ခြင်းအားဖြင့် တွေးတောစရာ များစွာကျန်ခဲ့ပေသည်။

ထို့ကြောင့် ပင်လုံမှသည် နေပြည်တော်ဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသည့် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း. . . ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ကလောင်ရှင် – သီတာ၏ ကဗျာတစ်ပုဒ်ဖြင့် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆို ဂုဏ်ပြုအပ်ပါသည်။

## မိခင်သို့ ဦးညွှတ်အလေးပြုပါ၏

အို...ချစ်သောမိခင် မိခင်အား ဦးညွှတ်အလေးပြုပါ၏။
ရွှေငွေကျောက်သံပတ္တမြား၊ ဆန်ရေစပါး၊ ကျွန်းသစ်
အစရှိသောရတနာတို့ဖြင့်
ကြွယ်ဝချမ်းသာသော
မိခင်၏ သယံဇာတပစ္စည်းတို့ကား၊
ဗြိုင်ဘက် ကင်းနေပါ၏။
အို ... မိခင်– ရန်သူတို့၏ ထူးထွေဆန်းပြားသော
လက်နက်မျိုးစုံတို့ဖြင့် ဝိုင်းဝန်းဖျက်ဆီးကြသော်လည်း
အမြဲစိမ်းလန်း စိုပြည်သာယာလျက်ရှိသော
မိခင်၏ သဘာဝအလှကျက်သရေတို့ကား ပျက်စီးဆုံးရှုံး၍မသွား။
သခ်ါရတည်းဟူသော ပျက်စီးခြင်းတို့၏ သဘောရှိခဲ့သည်ကို
မိခင်သည် မိခင်၏ နုပျိုတင့်ဆန်းခြင်း၊
သုခုမတရားတို့ဟာ ပုဂ္ဂလိက ပစ္စည်းအဖြစ်
သိမ်းပိုက်ထားတော့မည် ထင်နေရပါတော့သည်။
အို... ချစ်သောမိခင်
သူရသတ္တိတို့ဖြင့် ရန်သူကို သေသေကျေကျေ
တိုက်ခိုက်တွန်းလှန်နိုင်သော
သူရဲကောင်းတို့အား မွေးကျွေးနိုင်သော
မိခင်၏ ဂုဏ်ကျေးဇူးများကို
ပညာရှင် ကဝိအဆူဆူတို့က ကမ္ဘာအဝှမ်းကို
သတင်းလွှင့်ကာ ချီးကျူးလျက်ရှိကြပါပြီ။
မိခင်သည် ဆိတ်သုဉ်း ငြိမ်သက်နေသော
နာမ် ရုပ် ခန္ဓာ၏ တည်ရာ
သမာဓိစခန်းမှ ခဏတာခွဲခွာပြီး
ကြားနာစမ်းပါဦးတော့။
အို.... ချစ်သောမိခင်
ဘုရားဂူကျောင်း၊ တန်ဆောင်းပြာသာဒ်တို့ကို မြင်လေတိုင်း
ကျေးဇူးရှင်မိခင်အား သတိရလျက် ရှိနေပါ၏။
မိခင် ချစ်သောမိခင်၏ ထာဝရငြိမ်းချမ်းရေးနှင့်
လွတ်မြောက်ခြင်းတို့အတွက်
အရိုးပင်ကြေကြေ အရေပင်ခန်းစေတော့
ဆံခြည်မတွန့်–လက်ရုံးကွန့်ပြီးလျှင်
မိခင်အားထိပါးသော ရန်သူတို့ကို
စွန့်စားကာကွယ်ပါမည်ဟု
ကတိသစ္စာပြုပါ၏ – အိုချစ်သော မိခင်...။
(သီတာ–ရေးသည်)

ကိုးကား

- ၁၉၅၄၊ ၁၉၆၉၊ ၁၉၇၀ ခုနှစ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများ။
- https://myawady.net.mm/node/22319

# (၇၆)ကြိမ်မြောက် မြို့နယ်အဆင့် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၇**

မွန်တိုင်းရင်းသားတို့၏ သမိုင်းကြောင်း အစဉ်အလာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးတမ်းများ ဆက်လက်ထိန်းသိမ်းနိုင်စေရေးနှင့် ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရေး ရည်ရွယ်ချက်များဖြင့် (၇၆)ကြိမ်မြောက် မြို့နယ်အဆင့် မွန်အမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၇ နာရီက ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာရှိထုံးအိုင်အထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပသည်။

ရေးဦးစွာ အိန္ဒိယမွန်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝါယမ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်နှင့် ကျင်းပရေးကော်မတီဝင်များက (၇၆)ကြိမ်မြောက် မြို့နယ်အဆင့် မွန်အမျိုးသားနေ့ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်တိုင်းရင်းသားလူငယ်များ သယ်ဆောင်လာသော မွန်အမျိုးသားအလံကို တိုင်ထိပ်သို့ လွှင့်တင်ပြီး သဘာပတိ အိန္ဒိယမွန်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမနှင့် သဘာပတိအဖွဲ့ဝင်များ စင်မြင့်ထက်တွင်နေရာယူ၍ သဘာပတိဆရာတော်က သြဝါဒကထာ မိန့်ကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်က ဖတ်ကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ပြီး (၇၆)ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ကျင်းပရခြင်းနှင့် ဖြစ်မြောက်ရေးဆိုင်ရာများ ရှင်းလင်းပြောကြားကာ မွန်တိုင်းရင်းသားလူငယ်မောင်မယ်များက မြေစိုက်ပိုစတာရာဇဝင်၊ မွန်စာပေနှင့် ယဉ်ကျေးမှုစာတမ်းတို့ကို မွန်၊ မြန်မာ နှစ်ဘာသာဖြင့် ဖတ်ကြား၍သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် သဘာပတိ ဆရာတော်သုံးပါးအား ဖူးမြော်ကြည်ညြို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၇**

ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်**

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရန် သက်ဆိုင်ရာ ဌာနအသီးသီးနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပြည်နယ်ရှိ သယံဇာတအရင်းအမြစ်များကို အခြေခံပြီး အဆင့်မြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက် သွားကြရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်သက်ဆိုင်ရာ ဌာနများ၊ MSME လုပ်ငန်းရှင်များကို အပြည့်အဝ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးလွင်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့ အလက(ကျိုက်ပိ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ကျိုက်ထို ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ အသင်း(Book Club )တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် အခြေခံပညာ အလယ်တန်းကျောင်း(ကျိုက်ပိ )၌ ကျင်းပသည်။

ရေးဦးစွာ စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင် ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းမှသင်ကြားပေးသည့် ပညာရပ်များအပြင် စာအုပ်၊ စာပေ လေ့လာခြင်းအားဖြင့် အသိပညာများ ဖွံ့ဖြိုးလာ၍ အမှား၊ အမှန် ဝေဖန်ပိုင်းခြားလာနိုင်ပြီး မိမိပတ်ဝန်းကျင်အား အကျိုးပြုနိုင်မည့် လူငယ်များဖြစ်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလက(ကျိုက်ပိ)မှ မယွန်းအိန္ဒာကျော်၊ မစုစုလင်း၊ မောင်ရှိန်းလင်းထက်တို့က လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အသိစိတ်၊ လူငယ်နှင့် အရက် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိလိုသည်များမေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး အလက(ကျိုက်ပိ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ စာပေချစ်မြတ်နိုးသူများအသင်းဝင်များ၊ အလက(ကျိုက်ပိ) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူဆယ်မြို့၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားရေး လူငယ်စကားဝိုင်း ကျင်းပ

**မူဆယ် ဖေဖော်ဝါရီ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ မြင့်မားရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို မူဆယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတို့တွင် ယမန်နေ့က ပြုလုပ်သည်။

လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးနှင့် အခြေခံပညာဦးစီးဌာန မူဆယ်မြို့နယ် ပညာရေးမှူး ဦးအယ်လ်ဇော်ရှန်တို့က အမှာစကားများ ပြောကြားသည်။

ဆက်လက်ပြီး Grade–11 ကျောင်းသားကျောင်းသူလေးများ ဖြစ်ကြသော မောင်ဥက္ကာမြင့်က "လူငယ်နှင့် စာဖတ်ခြင်း"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဆိုင်းမိုင်က "လူငယ်နှင့် အနာဂတ်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ရှိုင်းမင်းအောင်က "လူငယ်နှင့် မူးယစ်ဆေးဝါး"၊ မလွေးဇင်ယော်မွေးက "လူငယ်နှင့် ဘဝနေထိုင်မှု" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူလေးများနှင့် အပြန်အလှန် ဝေဖန်အကြံပြု ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့အတူ မူဆယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌လည်း မွန်းလွဲပိုင်းတွင် လူငယ်စကားဝိုင်း ပြုလုပ်ခဲ့ပြီး Grade–10ကျောင်းသားကျောင်းသူလေးများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူလေးများ၏ ပြန်လည်မေးမြန်းချက်များကို အပြန်အလှန် ဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး- ၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၆၀ ဆူ | ၁၆၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးပေါ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွှေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၇၅ ကျင်း | ၂၀၄၄. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈ ကျင်း | ၂၇ ကျင်း | ၁၉၁ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၁ ကျင်း | ၂၃ ကျင်း | ၅၈၈၈ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ ပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ ပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ ပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ ပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၃ | - | ၄၃ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၃၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၃ စုံ | ၄၉၇ စုံ |
| | လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | | | | |

